# မူရှာရတ်၏ ဘဝဇာတ်ခုံ

ပါကစ္စတန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် သမ္မတဟောင်း မူရှာရတ် ကိုယ်တိုင်ရေးသားသည့် အတ္ထုပ္ပတ္တိစာအုပ်ကို ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုထားသည်။ နိုင်ငံအကြီးအကဲတာဝန်ကို ထမ်းဆောင်နေစဉ် မိမိဘဝဖြစ်စဉ် ကို ကိုယ်တိုင်ရေးသားထားသော ရှားရှားပါးပါး အတ္ထုပ္ပတ္တိစာအုပ် ဖြစ်သည်။

စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားဖွယ်၊ နာကျည်း ကြေကွဲဖွယ်ဖြစ်ရပ်တို့ကို မူရှာရတ် ၏ ဘဝဖြစ်စဉ်တွင် တွေ့မြင်ရမည်ဖြစ်သည်။ ဘင်လာဒင်နှင့် ဇဝါဟီရီ၊ ယင်းတို့၏ နောက်တော်ပါများနှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြသော စွန့်စားခန်းများသည် သည်းထိတ်ရင်ဖိုဖွယ်ရာ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းများ ဖြစ်သည်။

မူရှာရတ်၏ဘဝအစနှင့် ပါကစ္စတန်နိုင်ငံဟူ၍ ဖြစ်တည်လာမှုသည် တစ်ထပ်တည်း နီးပါးမျှ ဖြစ်သည်။ မူရှာရတ်၏ ဘဝခရီးသည် အကွေ့အကောက်တို့ကို ဖြတ် သန်းခဲ့ရသလို ပါကစ္စတန်နိုင်ငံသည်လည်း ကြမ်းတမ်းသော သမိုင်းလမ်းကြောင်း ကို လျှောက်လှမ်းခဲ့ရပုံတို့အား နှိုင်းယှဉ်ဖတ်ရှုရမည်ဖြစ်သည်။

၂၁ ရာစုနှစ် မွတ်ဆလင်ကမ္ဘာ၊ အစ္စရေးနိုင်ငံအပေါ် သူ၏ ရှုမြင်သုံးသပ်ပုံကိုလည်း ဖတ်ရှုကြရမည်။ အမျိုးသမီးတို့၏ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် မူရှာ ရတ်ဆောင်ရွက်ခဲ့မှုကို စိတ်ဝင်စားဖွယ် တွေ့ရမည် ဖြစ်သည်။

ကမ္ဘာ့သတင်းစာမျက်နှာထိပ်စည်းတွင် အမြဲလိုနေရာယူထားကြသည့် မူလာအိုမာ နှင့် အေကျူခန်းတို့ကိုလည်း မူရှာရတ် သိမြင်ခဲ့ရသည့် ရှုထောင့်မှ တို့ထိ ဖော်ပြ ထားသည်။